**PONTIFICAL COUNCIL**
**FOR INTERRELIGIOUS DIALOGUE**

# *CHRISTIANS AND HINDUS*
# *FORMING THE YOUNG GENERATION INTO PEACE-MAKERS*

MESSAGE FOR THE FEAST OF DEEPVALI

2012

**Vatican City**

# ငြိမ်းချမ်းရေးတည်ဆောက်သူများဖြစ်လာစေရေး
# မျိုးဆက်သစ်လူငယ်မောင်မယ်များအား ပုံသွင်းပြုပြင်ပေးနေသူ
# ဟိန္ဒူဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များ

........................................................................................

ချစ်ခင်လေးစားရပါသော ဟိန္ဒူဘာသာဝင်ဓမ္မမိတ်ဆွေများခင်ဗျား။

၁။ မကြာမီရောက်လာတော့မည့် ဒေဝါလီပွဲတော်မြတ်အတွက် ကိုးကွယ်မှုဘာသာတရားများအချင်းချင်းနီးနှောဖလှယ်ခြင်းဆိုင်ရာ ပုပ်ရဟန်းမင်းကြီးကောင်စီမှ လှိုက်လှဲပျူငှါစွာ နှုတ်ခွန်းဆက်အပ်ပါသည်။ မိတ်ဆွေတို့၏ မိသားစုများနှင့် အဖွဲ့အစည်းများအတွင်း ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ထားများရှင်သန်ပါစေကြောင်း မေတ္တာပို့အပ်ပါသည်။

၂။ ကမ္ဘာ့နေရာအနှံ့အပြားတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအား ပျက်ပြားသွားစေနိုင်သည့် အဖျက်အမှောင့်ပရောဂများ၏ ခြိမ်းခြောက်ခြင်းခံနေရသော မျက်မောက်ခေတ်လူသားတို့ကမ္ဘာပေါ်တွင်၊ ကျွန်ုပ်တို့၏ ကိုးကွယ်မှုဘာသာကြီးနှစ်ပါးအကြား ခိုင်မြဲစွာတည်ရှိနေသော ခံယူချက်နှင့် တာဝန်အတိုင်း "လူသားများအားလုံး၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်မောင်မယ်များကို ငြိမ်းချမ်းရေးတည်ဆောက်သူများဖြစ်လာစေရေး" ဆိုသည့် အချက်ကို ကျွန်ုပ်တို့အနေဖြင့် ယနေ့ပင် အသစ်ပြန်လည်ပြောကြားလိုပါသည်။

၃။ ငြိမ်းချမ်းရေးဆိုသည်မှာ စစ်မက်ဖြစ်ပွားခြင်းမှ ကင်းစင်စေရုံသက်သက်မဟုတ်ပါ။ တည်ငြိမ်ရေးကိုအာမခံသည့် ပဋိညာဉ်စာချုပ်မှာလက်မှတ်ထိုးရုံသက်သက်လည်း မဟုတ်ပါ။ မေတ္တာတရားနှင့် သဟဇာတရှိနေခြင်းကိုသာ ငြိမ်းချမ်းရေးဟု ခေါ်ဆိုနိုင်ပါမည်။(cf. BENEDICT XVI, *Ecclesia in Medio Oriente,* 9)။ မျိုးဆက်သစ်လူငယ်များအားငြိမ်းချမ်းရေးတည်ဆောက်သူများဖြစ်လာစေရေး သင်ကြားလမ်းညွှန်ကြရမည်မှာ မိဘများ၊ ဆရာဆရာမများ၊ လူကြီးသူမများ၊ ဘာသာရေးနှင့်နိုင်ငံရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးလုပ်ဆောင်နေသူများနှင့်တကွ ငြိမ်းချမ်းရေးကိုမြတ်နိုးကြသူအားလုံး ပါဝင် လုပ်ဆောင်ကြရမှာဖြစ်ပါသည်။

၄။ လူငယ်မောင်မယ်များအား ငြိမ်းချမ်းရေးမြတ်နိုးသူများဖြစ်လာစေရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူများဖြစ်လာကြစေရေးသည် အထူးအလွန်အရေးကြီးပါသည်။ စစ်မှန်ပြီး၊ အစဉ်တည်မြဲသော ငြိမ်းချမ်းရေးဖြစ်ဖို့ဆိုသည်မှာ အမှန်တရား၊ တရားမျှတခြင်း၊ ချစ်ခြင်းမေတ္တာနှင့် လွတ်လပ်ခြင်းတည်းဟူသော မဏ္ဍိုင်ကြီးများအပေါ်မှာ တည်ဆောက်ထားတာဖြစ်ရပါမည် (cf. JOHN XXIII, *Pacem in Terris,* 35)။ လူငယ်မောင်မယ်များအနေနှင့် ချစ်ခြင်းမေတ္တာတရားနှင့် လွတ်လပ်ခြင်းမှာ မှန်မှန်ကမ်ကမ်၊ မျှမျှတတနေထိုင်တတ်ကြစေရန် သင်ကြားပေးရပါမည်။ သည့်အပြင် ငြိမ်းချမ်းရေးကိုသင်ကြားရာတွင် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများမတူကွဲပြားခြင်းမှာ အန္တရာယ် (သို့မဟုတ်) ခြိမ်းခြောက်မှုတစ်ခုထက် ကြွယ်ဝခြင်းတစ်ခုအဖြစ် သေသေချာချာသဘောပေါက်နားလည်စေရပါမည်။

၅။ မိသားစုများသည် ငြိမ်းချမ်းရေးအတွက် လက်ဦးပညာသင်ကျောင်းများဖြစ်ပြီး၊ အမိအဖများသည် ငြိမ်းချမ်းရေးသင်ကြားပေးသူ လက်ဦးဆရာသမားများဖြစ်ကြပါသည်။ "မှန်ကမ်ရိုးသားခြင်း၊ လေးစားခြင်း၊ စာနာနားလည်ခြင်း၊ နားထောင်ခြင်း၊ မျှဝေခြင်း၊ ထိမ်းသိမ်းစောင့်ရှောက်ခြင်း၊ ခွင့်လွှတ်ခြင်း"တရားများသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းအတွက် အရေးကြီးတာမို့ မိဘများ၏ ပုံသက်သေကောင်းများနှင့် သွန်သင်မှုများအားဖြင့် လမ်းညွှန်နိုင်ရန် အလွန်အခွင့်ထူးကြီး ရရှိပါသည်။ စာသင်ကျောင်းများ၊ တက္ကသိုလ်နှင့်ကောလိပ်ကျောင်းများမှ ဆရာဆရာမများသည် မိမိတို့၏ ကျောင်းသားလူငယ်များအား ကိုးကွယ်မှုဘာသာတရားနှင့် ရိုးရာယဉ်ကျေးမှုမတူကွဲပြားသူတို့နှင့် အတူယှဉ်တွဲနေထိုင်ကြစေခြင်း၊ သင်ယူကြစေခြင်းနှင့် အတူလုပ်ကိုင်ကြစေခြင်းဖြင့်၊ လေးစားတတ်သော၊ မွေးရာပါလူ့ဂုဏ်သိက္ခာကိုလေးစားမြတ်နိုးတတ်သော၊ ရောင်းရင်းမိတ်ဆွေစိတ်ဓာတ်မွေး

တတ်သော၊ တရားမျှတခြင်းနှင့်ငြိမ်းချမ်းရေးကို မြတ်နိုးတတ်သောသူများဖြစ်လာကြစေရန် သင်ကြားပေးဖို့ အခွင့်ကောင်းကြီးဖြစ်ပါသည်။ စိတ်ကောင်းနှလုံးကောင်းရှိခြင်းနှင့် လူ့အကျင့်စာရိတ္တကောင်းများရှင်သန်စေခြင်းသည် ပညာရေး၏အခြေခံအုတ်မြစ်ဖြစ်ရကား၊ ကွဲပြားခြင်းနှင့် မညီညွတ်ခြင်းများဖြစ်ပေါ်စေနိုင်သော အတွေးအခေါ်အယူအဆများအား လက်မခံငြင်းပယ်တတ်စေရန်လည်း လမ်းညွှန်ပေးကြရပေသည်။

လူမှုရေး၊ နိုင်ငံရေးနှင့် ရိုးရာယဉ်ကျေးမှုနယ်ပယ်အသီးသီးနှင့် တိုင်းနိုင်ငံတို့၏ တာဝန်ရှိလူကြီးများအပါအဝင် ဘာသာတရားအသီးသီးများမှခေါင်းဆောင်ကြီးများအနေဖြင့် လူငယ်မောင်မယ်များအား သင်ကြားပို့ပြင်ပေးရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေရကား လူငယ်မောင်မယ်များအား ငြိမ်းချမ်းရေးလမ်းမပေါ်ဝယ် လျှောက်လှမ်းကြစေရန်နှင့် ငြိမ်းချမ်းရေးသယ်ဆောင်သူသံတမန်များဖြစ်ကြစေရန် ပြုပြင်ဆုံးမပေးကြရပါမည်။

၆။ ငြိမ်းချမ်းခြင်းကသာ "လူတိုင်းတစ်ဦးစီ၏ ကြီးကျယ်မြင့်မြတ်ခြင်းအား အတူမျှဝေခံစားခြင်းတစ်ခုရှင်သန်နေစေဖို့" နှင့် "ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ရှိသူလူသားများနှင့် ညီရင်းအစ်ကိုမောင်ရင်းနှမတို့၏ ကမ္ဘာကြီးတစ်ခုဖြစ်စေဖို့" လုပ်ပေးနိုင်ပါလိမ့်မည်။ (cf. BENEDICT XVI, *Apostolic Journey to Lebanon, Meeting with Members of the Government, Institutions of the Republic, the Diplomatic Corps, Religious leaders and Representatives of the World of Culture,* 15 September 2012)။

၇။ လူငယ်မောင်မယ်များအနေဖြင့် ငြိမ်းချမ်းရေးကိုတည်ဆောက်သူများဖြစ်လာစေရေးကြိုးပမ်းနေမှုတွင်၊ ကျွန်ုပ်တို့အားလုံးကလည်း လူ့ကျင့်ဝတ်များ၊ စာရိတ္တကောင်းများနှင့် ဘာသာတရားများအား နေရာတကာ၌ အမြဲတန်းမပျက်မကွက် လိုက်နာစောင့်ထိန်းနေထိုင်ကြသူများ ဖြစ်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

သန့်စင်မွန်မြတ်သော ဒေဝါလီအခါသမယဖြစ်ပါစေကြောင်း ကျွန်ုပ်တို့နှုတ်ခွန်းဆက်အပ်ပါသည်။

Jean Louis Card. Tauran

ကာဒီနယ်ဆရာတော် ရန်-လူဝစ်-တောရန်
၁၉၉၅

မီဂွဲ အန်ဂျေလို အာယုဆို ဂွီဆို၊ MCCJ
အတွင်းရေးမှူး

**Pontifical Council for Interreligious Dialogue**
00120 Vatican City

Tel: +39.06.6988 4321 / 06.6988 3648
Fax: +39.06.6988 4494

http://www.vatican.va/roman_curia/pontifical_councils/interelg/index.htm

E-mail: dialogo@interrel.va